# ကျန်းမာရေးပညာပေးပြပွဲ ဆန်ဖရန်စစ္စကိုတွင် ပြုလုပ်

ဘေးရိယာရှိ မြန်မာမိသားစုများအတွက် ပထမဆုံး အခမဲ့ ကျန်းမာရေးပညာပေးပွဲ (Health Fair) ကို အောက်တိုဘာလ ၃၁ ရက်နေ့က ဆန်ဖရန်စစ္စကိုမြို့ St. Thomas More Catholic Church တွင် ကျင်းပခဲ့သည်။ နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ပြုလုပ်သည့် အဆိုပါပွဲကို 'အမေရိကန်




နိုင်ငံ မြန်မာလူမျိုးစု အဖွဲ့အစည်း' (Myanmar Community USA, Inc.-MCUSA) က ဦးစီးကျင်းပခြင်းဖြစ်ပြီး ကျန်းမာရေးပညာပေးပွဲနှင့်အတူ အစားအသောက်ရောင်းချပွဲကိုပါ ကျင်းပခဲ့သည်။ အဆိုပါပွဲတွင် MCUSA၊ Health Plan of San Mateo၊ Legal Aid Society of San Mateo County နှင့် အခြားအဖွဲ့အစည်းများက ကျန်းမာရေးအာမခံ မရှိသူများအတွက် ဆေးကုသနိုင်ရေး၊ သက်ကြီးရွယ်အိုများကို ပြုစုခွင့်ရနိုင်ရေး အပါအဝင် ကျန်းမာရေးနှင့်ပတ်သက်သည့် သိလိုသည့်ကိစ္စရပ်များကို ပညာပေး ရှင်းလင်းဖြေကြားကြပြီး လက်ဆောင်ပစ္စည်းများ အမှတ်တရ ပေးခဲ့ကြသည်။ ထို့အပြင် ဆီးချိုစစ်ဆေးခြင်း၊ အသားဝါနှင့် တီဘီရောဂါများ စစ်ဆေးခြင်း၊ အသားဝါ ကာကွယ်ဆေးထိုးပေးခြင်း နှင့် မျက်စိစမ်းသပ်ပေးခြင်းတို့ကို အခမဲ့ဆောင်ရွက်ပေးခဲ့ကြသည်။ ထိုပွဲသို့ လူဦးရေ ၂၀၀ ခန့် တက်ရောက်ခဲ့ပြီး လုပ်အားပေး လူငယ် ၄၀ ခန့် လာရောက် ကူညီခဲ့ကြသည်။ ။